# ရင်နှင့် ရင်းသည့် နှင်းစက်များ

ဝတ္ထုတိုစုစည်းမှု

အာကာခေတ်ပိုင် လွှမ်းခေရာင် ဓေးပေါ်သာ လွှမ်းမြတ်ခေ(နေပြည်) မိုးအိပ်မက် မေသွန်သွန်ချစ်
ရည်ခေ(လင်းကျော်မြည်) ဧကြည်သူ သုတအောင် အာလွှမ်းဝေသဂီ ပျူမခ(တော့သောင်း)
မမလေး(တန္တရဝတီ) နေခေါင်းတင်နီ နတ်ရဲ (ဂူပခဖဒ) သော်ဇင်(လှိုင်ခကော်)

# ရင်းနှင့်ရင်းသည့် နှင်းစက်များကို
# မုဒိတာဖြင့် ကြိုဆိုခြင်း

ဝါဆိုကိုဦး ၊ တောင်ကြီး၊

အမှာစာတဲ့။

ကျွန်တော်သိသော အမှာစာ နှစ်မျိုးရှိပါသည်။ ပထမတစ်မျိုးမှာ စီးပွားရေးနယ်ပယ်၌ သုံး သော အမှာစာဖြစ်ပါသည်။ မည်သည့် ကုန်အမျိုးအစားကို အရေအတွက် မည်မျှ၊ မည်သည့် ရက်၊ မည်သည့် လတွင် မည်သည့်နေရာသို့ ပို့ပေးပါဟူသော ကုန်ပစ္စည်းအမှာစာကိုလည်း အမှာစာဟုပဲ ခေါ်ပါသည်။

ဒုတိယအမျိုးအစားမှာ စာပေနယ်တွင် မည်သူက မည်သည့်အချိန်က မည်သို့သော အနက် အဓိပ္ပာယ်ဖြင့် သုံးစွဲထားခဲ့မှန်း မသိသော စာဖြစ်ပါသည်။ အခမ်းအနားအချို့တွင်တော့ မည်သူ မည်ဝါက အဖွင့်အမှာစကား ပြောကြားသွားသည်ဟူသော အသုံးအနှုန်းကို တွေ့ဖူး ကြားဖူးပါ၏ ။ သင်တန်းဖွင့်ပွဲ၊ ဆင်းပွဲများတွင် အများဆုံးကြားရတတ်ပါသည်။ သင်တန်းတက်မည့် သင်တန်းသား၊ သင်တန်းသူများ သင်တန်းပြီးဆုံးပြီး လက်တွေ့နယ်ပယ်ဝင်ရောက်တော့မည့် သူများကို တာဝန်ရှိ ပုဂ္ဂိုလ်က ဆောင်ရန် ရှောင်ရန်များ မှာကြားပြောဆိုခြင်းမို့ အမှာစကားဟု ခေါ် ခြင်းဖြစ်သည်။

သို့ဆိုလျှင် အမှာစာကရော ဆောင်ရန် ရှောင်ရန်များကို မှာကြားရေးသားရမည့်လား၊ ထိုသို့ လည်း မဟုတ်တန်ရာ။ ရေးသားပြီးသား ထုတ်ဝေမည့် စာအုပ်ဖြစ်သဖြင့် စာရေးသူများကို ဆောင် ရန် ရှောင်ရန် မှာနေ၍ ပုဒ်ဖတ်၊ ဟိုတစ်ပုဒ်ရှောင်၊ ဟိုဇာတ်ကောင်လို မလုပ်နဲ့၊ ဟိုဇာတ်ကောင်ကို

အတုယူပုဟု မှာကြားရမည်လား။ ထိုသို့လည်း မဟုတ်တန်ရာ။ ဘယ်သူ့ကို ဘာမှာရမည်လဲဟု ကျွန်တော် မသိပါ။

ထို့ကြောင့် ပထမဦးစွာ ပြောလိုသည်မှာ ယခုကျွန်တော်ရေးသော စာကို အမှာစာဟု မယူ ဆကြစေလိုပါ။ မုဒိတာစာဟုဆိုလျှင် ပို၍ အဆင်ပြေမည်ဟု ထင်ပါသည်။ ဗြဟ္မစိုရ်တရား လေးပါး တွင်တစ်ပါးနှင့်လည်း ညီညွတ်သဖြင့် ကုသိုလ်မှုပြုရာလည်း ရောက်သည်ဟု ယူဆပါသည်။သူတစ် ပါး၏ လုပ်ဆောင်မှုကို ကြည်နူးပီတိစိတ်ဖြင့် ကူညီပေးသောကြောင့် သူတစ်ပါး၌ လည်း ဝမ်းသာပီ တိစိတ် ဖြစ်ပေါ်ရသည်ဆိုလျှင် နှစ်ဦးနှစ်ဖက် အကျိုးတရားကို ခံစားကြရသည်မို့ ဤစာကို နှလုံး ညွှတ်နူးစွာ ရေးသားပေးလိုက်ပါသည်။

ယခုစာအုပ်တွင် ရေးဖွဲ့သူ ၁၅ ဦး ပါဝင်သည်ကို တွေ့ရသည်။ ခေတ်ကလည်း ထိုသို့စု စည်းထုတ်ဝေသည့် ခေတ်ဟု ဆိုရပေမည်။ ကဗျာစာအုပ်တွေလည်း လေးဦးပေါင်း၊ ငါးဦးပေါင်း၊ ဆယ်ဦးပေါင်းစသည်ဖြင့် ထုတ်ဝေလာကြသလို ဝတ္ထုတိုကိုလည်း ထိုနည်းတူပင် ပေါင်းစုထုတ်ဝေ မှုတွေ များလာသည်ကို တွေ့ရသည်။ လူစုံတော့ လက်ရာစုံကို တွေ့ရပါသည်။ အကြောင်းအရာ ကတော့ မစုံလှ။

လူငယ်လေးတွေမို့ သူတို့ဖြတ်သန်းကြုံတွေ့ရသော ဘဝနှင့် အတွေ့အကြုံကလည်း မများလှသေး။ သည့်အတွက် သူတို့သေချာကြုံတွေ့ခံစားဖူးသော အချစ်ကိစ္စလေးတွေကိုသာ အများဆုံး ရေးဖွဲ့ထားကြသည်ကို တွေ့ရသည်။ ထိုအထဲကမှ လူ့ဘဝဝန်းကျင်တွင် ဖြစ်တတ်သော လူ့စရိုက်ဖွဲ့ဝတ္ထုတိုလေးအနည်းငယ်ကိုလည်း တွေ့လိုက်ရပါသည်။

အတွေးကို အဓိကထားရေးဖွဲ့သော ဝတ္ထုတို တစ်ပုဒ်စ၊ နှစ်ပုဒ်စကိုလည်း တွေ့ရပါသည်။ ခြုံ၍ ဆိုရလျှင် အဖွဲ့အနွဲ့ကို ဦးစားပေးသော ဝတ္ထုက အများစုဟုပဲ ဆိုရပါလိမ့်မည်။ မည်သို့ဆိုစေ၊ အသက်အရွယ်နှင့် အတွေ့အကြုံက အကြောင်းအရာကို ရွေးချယ်ပေးသွားပါလိမ့်မည်။ စိုက်လိုက် မတ်တတ်

ရေးနေကြဖို့သာ လိုပါသည်။ ရေးရင်း ဖတ်၊ ဖတ်ရင်း ရေးဖြင့် ကုန်ကြမ်းရှာ၊ ကုန်ချော ထုတ်ကြရပေမည်။ ကလီရှေးဟုဆိုချင်က ဆိုနိုင်သော်လည်း စု၊တု၊ပြု ဟူသော စကားက ခေတ် အဆက်ဆက် အသုံးတည့်လှပေသည်။

ဆရာ သစ္စာနီကတော့ (ဝတ္ထုရေးရန် အချိန်လိုသည်။ စာရွက်နှင့် ဘောလ်ပင် လိုသည်။ခံစားမှု(လှုံ့ဆော်မှု) လိုသည်။ ဖန်တီးမှုလိုသည်။ စိတ်ကူးဉာဏ်လိုသည်။ အတွေးအခေါ် လိုသည်။အလိုအပ်ဆုံးအရာမှာ ဝေါဟာရဖြစ်သည်။ ဝတ္ထုတိုဆိုတာ ဝေါဟာရအစုအဝေး မဟုတ်ပါ လား။) ဟု ရေးခဲ့ဖူးသည်။

ယခုဝတ္ထုအများစုတွင် ဝေါဟာရကို နိုင်နင်းစွာ ကိုင်တွယ်အသုံးပြုနိုင်ကြသည်ကို တွေ့ရပါ သည်။ အချို့မှာ စာရေးချင်ဇော ဝါသနာသာ ရှိသော်လည်း စာဖတ်အားနည်းခြင်း၊ မြန်မာစာဝေါဟာ ရ မကြွယ်ဝခြင်း၊ သဒ္ဒါအထားအသိုသဘောတရားကို မကျွမ်းဝင်ခြင်းတို့ကြောင့် စာတစ်ပိုဒ်၊ စာတစ် ပုဒ်ကို အဆင်ပြေပြေ၊ ချောချောမွေ့မွေ့ မရေးဖွဲ့နိုင်ကြသည်ကို မကြာခဏတွေ့ရ၏ ။ ကိုယ်တိုင်က အယ်ဒီတာ တာဝန်ကို ထမ်းဆောင်နေရသူမို့ ထိုသို့သော စာမူအများအပြားကို တွေ့ ဖူး၊ ဖတ်ဖူးတာ ဝမ်းနည်းစိတ်ပျက်ဖူးပေါင်း များလှပေပြီ။

ကိုယ့်စာကိုပင် ကိုယ်က ဖြောင့်အောင် မရေးနိုင်ကြတော့ခြင်းသည် ကြီးမားသော ဆုတ် ယုတ်မှုတစ်ရပ်ဖြစ်သည်ကို ဂရုမမိကြဟန် မတူ။ ထိုအထဲကမှ ရေးဖွဲ့မှုနည်းစနစ် မှန်မှန်ကန်ကန်၊ အကြောင်းအရာကောင်းကောင်းစာမူမျိုးကို ဖတ်ရှုလိုက်ရလျှင် “ရွှေအ” စကားပြောနိုင်သွားသလို ထိုစာအကြောင်း၊ ရေးသူအကြောင်းကို ရွှန်းရွှန်းဝေ ပြောချင်ဆိုချင်စိတ်တွေ ပေါ်လာရမြဲဖြစ်ပြီး ထိုစာမူကို မဖြစ်မနေသုံးစွဲကြသည်မှာ စာပေချစ်သော အယ်ဒီတာတိုင်းပင် ဖြစ်ပါသည်။

ယခုစာအုပ်၌ ပါဝင်ရေးဖွဲ့သူများထဲတွင် နတ်ရဲတို့၊

အာကာခေတ်ပိုင်တို့မှာ မဂ္ဂဇင်းစာမျက် နှာများတွင်လည်း အတော်အတန်နေရာရလာကြပြီဖြစ်သော လူငယ်လက်တက် ကလောင်ရှင် များ ဖြစ်ကြပေသည်။ ကျန်လူငယ်များသည်လည်း အွန်လိုင်းပေါ်တွင် လူသိများသော ကလောင်ရှင်များ ဖြစ်ကြသလို စုပေါင်းစာအုပ်လေးများတွင်လည်း ပါဝင်ရေးဖွဲ့ခဲ့ကြဖူးသူတွေသာ ဖြစ်ကြပေသည်။

ယခုစာအုပ်၌ အကြောင်းအရာ အသားပေးဝတ္ထု၊ အဖွဲ့အနွဲ့အသားပေးဝတ္ထုနှင့် အတွေး အခေါ်အသားပေးဝတ္ထုဟူ၍ သုံးမျိုးကို တွေ့ရသည်။နတ်ရဲ၊ ခေးဟေသာ၊ သုတအောင်၊ ရေကြည် သူ၊ ပျူမခ (ကော့သောင်း)၊ သော်ဇင် (လှိုင်ကော်) တို့မှာ အကြောင်းအရာကို ဦးစားပေးထားကြ သည်။ ရည်ဝေ၊ မိုးအိပ်မက်၊ မေသွန်သွန်ချစ်၊ လွမ်းမြတ်ဝေ (ခနေပြူ)၊ အလွမ်းကေသရီ၊ အာကာ ခေတ်ပိုင်နှင့် မေလေး(ကန္ဒရဝတီ)တို့က အဖွဲ့အနွဲ့ကို ဦးစားပေးရေးဖွဲ့ကြသည်။

ထူးထူးခြားခြား အတွေးအခေါ်ကို ဦးစားပေးရေးဖွဲ့သူ နှစ်ဦးကတော့ လွမ်းနှောင်နှင့် နေကောင်းကင်နီတို့ ဖြစ်သြည်။ မည်သို့ဖြစ်စေ၊ ညံ့ဖျင်းသော လက်ရာတစ်ပုဒ်မျှ မပါဘဲ ဝတ္ထုရေး တတ်သည်ဟု ဝန်ခံရမည့်၊ အသိအမှတ်ပြုရမည့် လက်ရာရှင်များသာဖြစ်သော်ကြောင့် ဖတ်သူကို စိတ်ညစ်စေမည့် ဝတ္ထုမပါဟုတော့ အသေအချာအာမခံနိုင်မည် ဖြစ်ပါသည်။

ကျွန်တော်တို့စာပေလောကထဲ ဝင်စက ကျွန်တော်တို့ လေးစားရသော ရှေ့မှ ဆရာ၊ ဆရာမတို့က နှုတ်အားဖြင့်သော်လည်းကောင်း၊ အခြားအခြားသော အကူအညီ အမအစများဖြင့် သော်လည်းကောင်း လှိုက်လှဲနွေးထွေးစွာ အားပေးဝမ်းမြောက်ဖေးမ ကြိုဆိုခဲ့ကြပါသည်။သည်အင် အားများဖြင့် စာပေနယ်ကို ကျွန်တော်တို့ ဖြတ်သန်းခဲ့ကြသည်။

ယခုကလေးတွေကိုလည်း ကျွန်တော်တို့က တစ်လှည့်တစ်ဖန် လှိုက်လှနွေးထွေး အားပေး ဝမ်းမြောက်ဖေးမကြိုဆိုကြရပါလိမ့်မည်။ သို့မှသာ စာပေမျိုးဆက်ပြတ်မသွားမှာ ဖြစ်သည်။ မူးယစ် ဆေးသံသရာမှာ

မျှော်ပါသွားမည့်အစား စာပေလောကက အားထားသော ကလောင်ရှင်များဖြစ် လာပါက နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးများကြမည် ဖြစ်ပေသည်။

တစ်ခုတော့ ရှိသည်။ မည်သူက ကြိုဆိုသည်ဖြစ်စေ၊ ကိုယ်တိုင်ကလည်း မဆုတ်မနစ်စိတ် ထားဖြင့် ကြိုးစားလှမ်းချီ၍ သာ ကျွန်တော်တို့လည်း ယခုအထိ ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်သလို လူငယ်လက်တက်ကလောင်ရှင်များကလည်း အပျင်းပြေ၊ အပျော်သဘော မဟုတ်မူဘဲ စာပေချစ် စိတ်ဖြင့် ခွဲရှိရှိ ဆက်လက်ရေးသားကြလျှင်ဖြင့် သိပ်မကြာခင်ကာလမှာ စာပေတာဝန်တွေကို လက်လွှဲယူကြရတော့မည်ဖြစ်ကြောင်း မုဒိတာစကားကို အားပါးတရ ဆိုလိုက်ရပါသည်။

ဝါဆိုကိုဦး ၊ တောင်ကြီး ၊

# နှင်းဆွတ်ဆွတ်လမ်း

အာကာခေတ်ပိုင်

ရွှေဥမင်လိုဏ်ဂူတည်ရှိရာ တောင်တန်းကြီးပေါ်သို့ နှင်းမှုန်တို့က ဇာပဝါပါးလေးအလား လွှမ်းခြုံထားသဖြင့် ခပ်ရေးရေး ခင်မှေးမှေးနှင့် ငွေရောင်တောင်တန်းကြီးအဖြစ် တည်ရှိနေသည်။ ထိုတောင်တန်းကြီးနောက်ခံဖြင့် ပုန်းတလုပ်ကန်ကြီးမှာ စာဖွဲ့မမီအောင် လှချင်တိုင်း လှနေ၏ ။

မြေပြန့်အဖို့ နိုဝင်ဘာဆောင်းဦးပေါက်သည် အအေးသိပ်မသိသာလှသော်လည်း ပေ ၃၈၈၀ အထက်တွင် တည်ရှိသော ပင်းတယမြို့လေးမှာတော့ ဆောင်းလေဆော့မြူး နှင်းရည်တို့ ပလူးကြလေပြီ။ တစ်ဆောင်းသစ်ခဲ့ပြန်ပြီ။

*******

မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာ နေဘုန်းလူသည် လမ်းလျှောက်တုတ်ကောက်ကို တ တောက်တောက်ထောက်လျက် ခပ်မြန်မြန်လေးလျှောက်လှမ်းလာခဲ့သည်။ ဆေးရုံပေါက်ဝအ ရောက်တွင် သူနာပြုဆရာမ ဒေါ်နန်းသူဇာနှင့် ထိပ်တိုက်တွေ့ဆုံလေသည်။

"မောနင်း ဆရာကြီး"ဟု ဒေါ်နန်းသူဇာက အသံဝဲဝဲနှင့် နှုတ်ခွန်းဆက်ရာ သူက ခေါင်း ညိတ် ပြုံးပြလိုက်သည်။

"မောနင်းပါ ဆရာမ"

"ဒီနှစ် ဆောင်းအဝင်ကြမ်းတယ်နော် ဆရာကြီး"

“ဟုတ်တယ်..ဆရာမရေ၊ နိဝင်ဘာလဆန်း ရှိသေးတယ်၊ တော်တော်အေးနေပြီ”

“ဟုတ်ပ့ါ ဆရာကြီး၊ ဆရာကြီး တော်ပေါ်အအေးဒဏ်ကို ခံနိုင်ပ့ါမလား”

“ဆရာမရယ်၊ ဒီဆေးရုံမှာ တာဝန်ကျတာ သုံးနှစ်တောင်ရှိပြီပဲ၊ ခံနိုင်ရည်ရှိနေပါပြီ”

သူ့ အဖြေကြောင့် ဒေါ်နန်းသူဇာက ပြုံးစိစိလေး ဖြစ်သွားသည်။ ဒေါ်နန်းသူဇာသည် ရှမ်းတိုင်းရင်းသူတစ်ယောက် ဖြစ်ပြီး ပါးနီနီလေးနှင့် ရုပ်ရည်ချောမောပါသည်။ ယဉ်ကျေးပျူငှာသ လို စိတ်သဘောထားကောင်းသူဖြစ်ရုံသာမက သူ့ကိုလည်း ရိုသေလေးစားသူတစ်ယောက်ဖြစ် လေသည်။

“ကဲ ဆရာမ၊ ဆရာကြီး တောင်ခြေဘက်ကို လမ်းလျှောက်ထွက်လိုက်ဦးမယ်။ လူနာလာရင် ဆရာကြီးကို လိုက်ခေါ်လိုက်နော်”

ဒေါ်နန်းသူဇာအား နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ ဆေးရုံရှေ့အရောက်တွင် ဆေးရုံကြီးကို လှည့်ပြန်ငေးကြည့်မိသည်။ သူ သုံးနှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့သော ပင်းတယ မြို့နယ်ဆေးရုံလေးမှာ မြူနှင်းများအောက်ဝယ် ရောင့်ရဲခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း စသော အမြတ်တရားများကို ရင်ဝယ်ပိုက်ကာ ငြိမ်းအေးစွာ ငြိမ်သက်နေရှာသည်။

ကတ္တရာလမ်းပေါ်တွင် နှင်းထုကို ဖြိုခွင်းရင်း ဟိုင်းလပ်ကားတစ်စီး အပြင်းမောင်းနှင်သွား သည်။ တောင်ကြီး၊ ရပ်စောက်၊ ကလော၊ အောင်ပန်း တစ်မြို့မြို့သို့ ထွက်ခွာမည့် ကားဖြစ်ပေလိမ့် မည်။ ဟိုင်းလပ်ကားလေး နှင်းထုကြားတွင် တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားသည်အထိ ငေးမောကြည့်နေမိသည်။

ထို့နောက် ကတ္တရာလမ်းကို ဖြတ်ကူးလိုက်သည်။ တစ်လှမ်း၊ နှစ်လှမ်း…

ဆယ်လှမ်းအ ရောက်တွင် သူ့မျက်နှာမှာ သရဲသဘက်များကို တွေ့လိုက်ရသကဲ့သို့ ဆွေးဆုတ်ဖျော့တော့သွား သည်။ သူမျက်စိစုံမှိတ်ကာ တွေတွေကြီး ရပ်နေမိသည်။ မေ့ထားသည့် ပုံရိပ်တွေက တစ်ကွက်ပြီး တစ်ကွက် မျက်လုံးအိမ်မှာ အရောင်လာဟပ်နေသည်။ မောင်းထုတ်ဖို့ အကြိမ်ကြိမ် ကြိုးစားကြည့် ပါသော်လည်း…

*******

မြေနီလမ်းလေး..

တဖွဲဖွဲကျနေသော မြူနှင်းများကြောင့် လမ်းဆုံထိအောင် မမြင်ရပေမယ့် သည်လမ်းလေး က သာယာဖြောင့်ဖြူးနေသည်ဆိုတာကိုတော့ သူ မနက်တိုင်း လမ်းလျှောက်နေကျမို့ ကောင်း ကောင်းသိပါသည်။ သို့သော် သည်နေ့မှာ ထိုလမ်းလေးကို ဖြတ်ကူးဖို့ စိတ်ထဲတွင် စိုးရွံ့နေမိ သည်။ သူ သက်ပြင်းရှည်ချမိသည်။ အတိတ်ကို အားတင်းမျိုချရင်း ဆက်လျှောက်လာခဲ့သည်။

မြေနီလမ်းဘေး ဝဲယာတစ်လျှောက်တွင် အမည်မသိပန်းပွင့်ရောင်စုံ၊ ဖြူနီပြာဝါပန်းပွင့်တို့ အပြိုင်အဆိုင် ပွင့်ဖူးနေသည်။ အရင်နေ့တွေက သတိမမူခဲ့။ သည်နေ့မှ အလေ့ကျ ပေါက်ရောက် နေသော ပန်းပွင့်တွေကလည်း လှရက်ပါဘိ။

စိန်ပန်းပြာ၊ စိန်ပန်းနီ၊ ချယ်ရီတို့ကလည်း အဖူးအငုံအစုံနှင့် အစွမ်းကုန်ပွင့်အာတော့မည့် ပုံ ပေါက်နေသည်။ ထိုလမ်းလေးကို အရိပ်မိုးပေးထားသည့် ထင်းရှူးပင်တို့၏ ရနံ့ကလည်း စိတ်ကြည်လင်လန်းဆန်းမှုကို မပေးနိုင်။ အရာရာသည် အသစ်အဆန်းမဟုတ်သော်လည်း သည်နေ့မှ သူ့အတွက် မြင်ကွင်းသည် ဆန်းသစ်နေသည်ဟု ခံစားနေရသည်။

မြက်ခင်းပြင်ရှိ ခုံတန်းလေးပေါ်တွင် သူ ထိုင်လိုက်သည်။ မြက်ပင်ပေါ်တွင် နှင်းစက်လေး တွဲလဲခိုနေသည်။ မြက်ပင်လေးမှာ သူ့ကိုယ်ပေါ်

တွယ်ကပ်နေသည့် နှင်းစက်လေးကို ဖယ်ရှားနိုင် ဖို့ အင်အားရှိပုံအပေါ်။ သူ သက်ပြင်းရှည်ချရင်း ဆက်လျှောက်လာခဲ့သည်။

တစ်ချိန်က သည်မြေနီလမ်းလေးမှာ အချစ်ပန်းတွေ ထုံမွှေးခဲ့ဖူးသည်။ ထိုအချစ်ပန်းပေါ်မှာ နှင်းစက်တို့သည်လည်း တွဲလဲခိုမှီခဲ့သည် မဟုတ်လား။

နှင်း..

ဧကရီနှင်း...

ထိုထက်သေချာအောင် ပြောရမည်ဆိုလျှင် အထူးကုဆရာဝန်မကြီး ဒေါက်တာဧကရီနှင်း.. သူ့အသည်းကို ခွဲရစ်ခဲ့သေ၊ သူသိပ်ချစ်ရသော၊ သူ မြတ်နိုးတန်ဖိုးထားခဲ့သော နှင်း ..“မိန်းမဆို တာ ဆောင်းလေပမာညီ၊ အတွင်းသဘောတွေ မတည် ပြောင်းလဲတတ်သည်” တဲ့။ သူ မဲ့ပြုံးလေး ပြုံးနေမိသည်။ ပုန်းတလုပ်ကန်ရေပြင်ကို ဖြတ်ပြီး တိုက်ခတ်လာသော ဆောင်းလေက ရိုးတွင်းခြင် ဆီများပါ အေးခဲလောက်အောင် ချမ်းစိမ့်လှသည်။ သူ့နှလုံးသားမှာလည်း နာကျင်အေးခဲသွားစေ သည်။ ထိုဆောင်းလေထဲတွင် နှင်းမှုန်တို့ ပါဝင်ပတ်သက်နေမည် မဟုတ်လား။

*******

“ကို”

“ဗျာ ဗျာ”

“ကို နှင်းကို ချစ်လားဟင်”

သူ့ပခုံးပေါ်တွင် မှီအပ်နေသော နှင်းကို စောင်းငဲ့ကြည့်မိသည်။ အရောင်လွဲ့နေသော နှင်းများလုံးလေးများနှင့် အကြည့်ချင်းဆုံမိသည်။ နှင်းဆိုသည့်အတိုင်း တကယ့်ကို ဖြူစင်သန့်ရှင်း နေသည်။ ဖြူဥနေသော မျက်နှာပေါ်မှာ သွေးကြောစိမ်းလေးများဖြတ်ပြေးသလိုလို၊ သူ့စိတ်ထဲတွင် နှင်းကို

စချင် စိတ်ပေါ်လာသည်။ ထို့ကြောင့် ဟက်ခနဲ တစ်ချက်ရယ်လိုက်ရင်း..

“ဟင့်အင်း..ချစ်ပါဘူး”ဟု ပြောင်စပ်စပ်နှင့် ပြောလိုက်သည်။ နှင်း၏ နီစွေ့နေသော နှုတ်ခမ်းသားလေးများ စူထွက်လာသည်။ ထို့နောက် သူ့ကိုယ်မှ ခွာကာ တစ်ဖက်သို့ လှည့်သွားသ ဖြင့် သူပြုံးစစလေး ဖြစ်သွားသည်။

“ဒီဘက် လှည့်ပါဦး နှင်းရဲ့”

သူက နှင်းပခုံးလေးကို သူ့ဘက်သို့ ဆွဲလှည့်လိုက်သည်။ နှင်းက ဇွတ်အတင်း ပြန်လှည့် သွားပြန်သည်။

“ကောင်မလေး စိတ်ကောက်သွားပြီ၊ ရှက် ရှက်..”

သူက နှင်းမျက်နှာရှေ့သို့ လက်ညှိုးလေး ကွေးလိုက်ဆန့်လိုက်လုပ်ပြလိုက်သည်။ နှင်းက မခံချိမခံသာ ဖြစ်သွားကာ ဖြေဆောင့်နေသည်။

“ကိုနော်..နှင်း ငိုလိုက်မှာနော်”

“မငိုလိုက်ပါနဲ့ နှင်းရယ်၊ နှင်းလေး မျက်ရည်ကျတာကို ကို မကြည့်ရက်ဘူး..မမြင်ရက်ဘူး”

“အဲဒါဆို ချစ်လား၊ ပြော”

နှင်းက နှုတ်ခမ်းစူစူလေးနှင့် ပြောတော့ သူပြုံးမိသည်။ သည်လို စူပုပ်ပုပ် မျက်နှာလေးက လည်း ချစ်စရာ ကောင်းလှပါဘိ..နှင်းလေးရယ်။

“ပြောလေ၊ မပြောဘဲနဲ့ ဘာကြည့်နေတာလဲ”

သူက နှင်းလက်ကို ယုယုယယ ပွတ်သပ်ပေးရင်း..

“နှင်းလေးက အရမ်းလှလို့ ကြည့်နေမိတော့”ဟု တိုးလျစွာ ပြောလိုက်သည်။ နှင်းက သူ့လက်ကို ရုန်းဖယ်သွားသည်။ ပြီးနောက်

မျက်စောင်းတစ်ချက် ထိုးကာ..

“တော်ပါ..အပိုတွေ ပြောမနေနဲ့၊ ချစ်လား မချစ်ဘူးလား ဒါပဲပြော”ဟု ပြုံပြုံစူစူလေး ဆိုရင်း ခေါင်းငုံ့သွားသည်။ ရှက်လွန်းလို့ ထင်သည်။ နှင်း မျက်နှာလေး ပန်းဆီရောင်သန်းသွားသည်။ သူက နှင်းနားနားသို့ တိုးကပ်လိုက်သည်။

“ချစ်တာပေါ့ နှင်းရယ်၊ ဟောဒီတစ်ကမ္ဘာလုံး နှင်းကို အချစ်ဆုံး”

“မယုံပေါင်..”

“ယုံပါ နှင်းရယ်၊ နှင်းယုံကြည်အောင် ဟိုးက ရွှေဥမင်လိုဏ်ဂူထဲက ဘုရားဆီမှာ သစ္စာဆို ပြမယ်”

သူက နှင်းထုထဲတွင် မပီဝိုးတဝါး လှမ်းမြင်နေရသည့် တောင်တန်းကြီးကို ညွှန်ပြလိုက် သည်။ နှင်းက သူ့ပါးစပ်နားသို့ လက်ညှိုးလေးနှင့် ပိတ်ရင်း...

“ယုံပါတယ် ကိုရယ်၊ နှင်းလည်းလေ ကို့ကို သိပ်ချစ်တယ်”ဟု ပြောရင်း သူ့ရင်ခွင်ထဲသို့ တိုးဝှေ့လာသည်။ သူက နှင်းခန္ဓာကိုယ်လေးကို တင်းကျပ်စွာ ထွေးပွေ့ထားလိုက်သည်။ ပူးကပ် နေသည့် နှလုံးသားနှစ်စုံကြားသို့ ဆောင်းလေညင်းပင် တိုးမဝင်နိုင်တော့။

“အောင်မာ..မင်းတို့က ဒီမှာ လာအလွမ်းသယ်နေကြတယ်ပေါ့လေ”

ကျောဘက်ဆီမှ အသံကြောင့် သူရော နှင်းရော လန့်ဖျပ်သွားကာ လှည့်ကြည့်လိုက်သည်။

“ဟာကွာ..ဘယ်သူများလဲလို့..ဘာတုံး နေမင်းခ”

သူက စိတ်ဆိုးမာန်ဆိုးနှင့်မေးလိုက်သည်။ နေမင်းခက သူတို့နားသို့ ကပ်ထိုင်ရင်း

"အမယ်..သူတို့က စိတ်ဆိုးရတယ် ရှိသေး။ မင်းတို့ကို ဆရာကြီးက ခေါ်နေပြီ။ ဒီနေ့ တောင်ပေါ်ကြီး တိုက်နယ်ဆေးရုံကို သွားရမှာတဲ့။ အဲဒါမင်းတို့ကို လာခေါ်တာ"

"ဟုတ်လား အေးအေး" ဟု ဆိုကာ သူနှင့် နှင်းတို့ ဆေးရုံဘက်သို့ မြေနီလမ်းလေးအတိုင်း လျှောက်လာခဲ့ကြသည်။

သူတို့မန္တလေး-ဆေးတက္ကသိုလ် နောက်ဆုံးနှစ်အပိုင်း(က)ကျောင်းသားတစ်ဖွဲ့လုံး ပင်းတ ယမြို့သို့ ကျန်းမာရေးစစ်တမ်းကောက်ရန် ရောက်လာခဲ့ကြပါသည်။ သူနှင့် နှင်းသည် ပထမနှစ် ကတည်းက အဖြူရောင်သူငယ်ချင်းများအဖြစ်သာ ခင်မင်လာခဲ့ကြသော်လည်း ယခုခရီးစဉ်တွင် သူငယ်ချင်းများ၏ မြှောက်ထိုးပင့်ကော်မှုကြောင့် ချစ်သူဘဝသို့ ရောက်ရှိခဲ့ပါသည်။ သူကလည်း နှင်းကို အစကတည်းက ချစ်နေခဲ့သည်။ နှင်းကလည်း သူ့ကို သံယောဇဉ်ရှိနေခဲ့သည်။ ထို့ကြောင့် သုံးနှစ် သုံးမိုးတောင် မစောင့်ရဘဲ သည်ဆောင်းရာသီခရီးစဉ်လေးမှာပင် ချစ်သူများ ဖြစ်ခဲ့လေ သည်။

တောင်ပေါ်ကြီး တိုက်နယ်ဆေးရုံသို့ တောင်ပေါ်လမ်းအတိုင်း ထွန်စက်များနှင့် တက်ရ သည်။ တောင်ပေါ်လမ်းဖြစ်သဖြင့် လမ်းက ကွေ့ကောက်သည်။ မတ်စောက်သည်။ ကြမ်းတမ်း သည်။ ထွန်စွန်က ယိုင်နဲ့သွားတိုင်း သူက နှင်းကိုယ်လုံးလေးကို ဆွဲပွေ့ထားသည်။ အတူလိုက်ပါလာကြသည့် သူငယ်ချင်းများကပင် သည်းသည်းလှုပ်နေသည့် သူတို့အတွဲကို ကြည့်ရင်း မျက်စောင်းတခဲခဲ ဖြစ်နေကြသည်။

ပွေးလှ တိုက်နယ်ဆေးရုံ၊ ပန်းစစ် ကျေးလက်ကျန်းမာရေးဌာန ဘယ်သွားသွား မခွဲ၊ အမြဲအ တူ။ ဓနုနှင့် တောင်ရိုး တိုင်းရင်းသားများ၏ အရိုးခံစိတ်ထားများကို တွေ့ရှိရသဖြင့် သူနှင့် နှင်းတို့ ပျော်ရွှင်ခဲ့ရသည်။ သူ့စိတ်ထဲတွင်လည်း ဆရာဝန်ဖြစ်လျှင် ပင်းတယ မြို့နယ်ဆေးရုံမှာ

တာဝန်ထမ်းဆောင်မည်ဟု သန္နိဋ္ဌာန်ချထားခဲ့သည်။

ကျောင်းပြီးသည်အထိ သူတို့၏ အချစ်ခရီးသည် မကွေ့မကောက် ဖြောင့်ဖြူးသာယာနေခဲ့ ပါသည်။ တစ်ခါတစ်ရံ မျှော်လင့်မထားသော အရာများဖြစ်လာတတ်သည့် သဘာဝ အတိုင်း သူတို့ နှစ်ဦးကို ခွဲခွာဖို့ ကံကြမ္မာဖန်လာခဲ့လေသလား။

*******

"အဲဒီ တော့ နှင်း ဆုံးဖြတ်ချက်က.."

နှင်းက သူ့မေးခွန်းကို မဖြေပါ။ သူ့ကိုသာ ဆွေးဆွေးမြည့်မြည့်လေး စိုက်ကြည့်နေသည်။ သူက မန္တလေးတောင်ကြီးကိုသာ ငေးကြည့်နေသည်။ ကျုံးရေပြင်ကို ဖြတ်ပြီး တိုက်ခတ်လာသည့် ဆောင်းလေညင်းက သူ့ရင်ကို အေးမြအောင် မစွမ်းဆောင်နိုင်။ နှင်း လုံချည်အနားစလေးများ တဖျပ်ဖျပ် ြပ်နေသည်မျှ လွှဲ၍ သူတို့နှစ်ဦးကြားတွင် တိတ်ဆိတ်မှုက ကြီးစိုးနေသည်။ ခဏနေမှ နှင်းက သူ့ရှေ့သို့ တည့်တည့်ရင်ဆိုင်လာရင်း..

"နှင်း ကို့ကို ချစ်တယ်၊ နှင်း တို့ကို မခွဲနိုင်ဘူး"ဟု ဆိုရင်း သူ့ရင်ခွင်ထဲသို့ တိုးဝင်လာသည်။ ထို့နောက် တသိမ့်သိမ့် ငိုရှိုက်နေသည်။ သူ့မျက်ဝန်းတွေလည်း မျက်ရည်စများ စို့တက်လာသည်။

"ကိုလည်း နှင်းကို ချစ်တယ်၊ ကိုတို့ စွန့်စားကြမယ်နော်"

သူ့စကားအဆုံးတွင် နှင်းက သူ့ကိုယ်မှ ခွာသွားကာ သူ့အား မျက်လုံးဝိုင်းလေးနှင့် ကြည့်နေသည်။ ထို့နောက် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း..

"မဖြစ်နိုင်တော့ဘူး ကို၊ အားလုံးစီစဉ်ပြီးသွားပြီ"ဟု ပြောပြီး နှင်းက မျက်နှာကို လက်နှင့် အုပ်ကာ ငိုကြွေးနေရှာသည်။

“ငိုမနေပါနဲ့ နှင်းရယ်..နှင်းက အဲဒီ မှာ သုံးနှစ်ပဲ နေမှာဆို”

“အဲဒီ သုံးနှစ်ကြီးကို ကျော်ဖြတ်ပစ်လိုက်ချင်တယ်၊ ကို့ကို နှင်း လွမ်းနေမှာပါ၊ စိတ်ချ၊ ပါရဂူဘွဲ့ရပြီးတာနဲ့ ပြန်လာမှာ၊ ကို.. နှင်းကို စောင့်နေပါနော်”

“သြော် ငိုပြန်ပြီ၊ နှင်းကလည်းကွာ၊ အချိန်ဆိုတာ မျှော်ကြည့်ရင်သာ ကြာတယ် ထင်ရတာ ပါ၊ တကယ်တမ်း ဖြတ်သန်းလိုက်တဲ့အခါမှာတော့ သုံးနှစ်ဆိုတာ သိပ်မကြာပါဘူး နှင်း ရယ်”

ချစ်သူကို နှစ်သိမ့်လိုက်ရသည်။

“နိုင်ငံခြားက ဘွဲ့ရလာပြီးရင် နှင်းနဲ့ ကိုတို့ရဲ့ ဘဝသိပ်ကို ပြည့်စုံသွားမှာပါ။ ကိုလည်း စိတ်ဖြေပြီး နေနော်၊ နှင်းအစွမ်းကုန်ကြိုးစားပြီး ကို့ဆီကို အမြန်ဆုံးပြန်လာမှာပါ”

သူယုံကြည်စွာ မျှော်လင့်၍ နှင်းကို စောင့်နေခဲ့ပါသည်။ သို့ပေမယ့် နှင်းသည် သူ့ရင်ခွင်ထဲ သို့ ပြန်မလာခဲ့ပါ။ နိုင်ငံခြားရောက် ခွဲစိတ်ဆရာဝန်တစ်ဦးနှင့် လက်ထပ်သွားပြီဆိုသည့် သတင်းများသာ သူ့ဆီသို့အရောက်လာခဲ့သည်။ ထိုသတင်းရောက်လာသည့် နေ့က နှင်းအတွက် နောက်ဆုံးအနေနှင့် မျက်ရည်ကျခဲ့သည်။ လွမ်းစရာတွေကို တာဝန်တွေနှင့် အစားထိုးနိုင်ခဲ့သည်။

သို့သော် သူတို့နှစ်ဦးပျော်မြူးခဲ့ဖူးသည့် သည်မြေနီလမ်းလေးရောက်လျှင်တော့ လွမ်းမောတသ စိတ်လေး ဖြစ်ရသည်။ ထို့နောက် နာကြည်းစိတ်တို့က အနိုင်ယူနိုင်ခဲ့သည်။

သူ မည်မျှကြာအောင် တွေးနေသည် မသိ။ ငှက်ကလေးတို့ စိုးစီစိုးစီ အသံနှင့်အတူ အရှေ့ ဘက်ဆီမှ နေရောင်ခြည်နွေးနွေးလေး ဖြာကျလာမှ အတွေးစတို့ ပပျောက်ကုန်သည်။ သနပ်ဖက်စိုက်ခင်းနှင့် လက်ဖက်စိုက်ခင်းများ ရှိရာ တောင်တန်းများကိုပင် ပီပီပြင်ပြင်လှမ်းမြင်နေရ ပြီ။ သူသက်ပြင်းရှည်ချရင်း။ မြေနီလမ်းလေးအတိုင်း ဆေးရုံသို့ ပြန်လာခဲ့သည်။ နေရောင်ခြည် အောက်တွင်

နှင်းပွင့်တို့သည်လည်း ဟောတစ်ပွင့် ဟောတစ်ပွင့်နှင့် လွင့်စဉ်ပျောက်ပြယ်ကုန်လျက်။

အာကာခေတ်ပိုင်

၂၀၁၃၊ မေလ၊ ကလျာမဂ္ဂဇင်း၊

# လရောင်မှုံသော နွေညများ

လွမ်းနောင်

ညသည် သွေ့ခြောက်လွန်းစွာ ကန္တာရဆန်လျက် ရှိနေသည်။ အဇဋ္ဌာတစ်ခွင်ဝယ် တိမ်ညို တို့ မှိုင်းမှောင်ညစ်ထွေးလျက်။ တိမ်ညိုတို့ကြားမှ အလင်းကြယ်တချို့ကား မဟီမြေပြင်ကို ချောင်းမြောင်းကြည့်နေသည်။ အသက် သုံးဆယ်ခန့် လူရွယ်တစ်ယောက်။ လူရွယ်သည် ဝေရီနေ သော ညအလယ်မှ နှင်းပဝါကို ခွါချပြီး နှင်းအမိုးအောက်မှ ရုတ်တရက် တိုးထွက်လာသည်။ တစ် လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း၊ သုံးလှမ်း လှမ်းအပြီးတွင် လူရွယ်က ရှေ့သို့ ဆက်မလှမ်းဘဲ ရပ်လိုက် ၏ ။ ရှေ့မှာ မြင်ရသော အရာဝတ္ထုကို ကြည့်ပြီး လူရွယ် ပါးစပ်အဟောင်းသား ဖြစ်နေသည်။ အတန်ကြာမှ အံ့သြမှုကို မချုပ်တည်းနိုင်ဟန်ဖြင့် မေးခွန်းတစ်ခု တိုးဝင်လာသည်။

"ခင်ဗျား ဘယ်သူလဲ၊ ဝိညာဉ်လား၊ သရဲလား၊ နာနာဘာဝလား"

လူရွယ်၏ မေးသံအဆုံးတွင် ရှေ့မှရှိသော အရာဝတ္ထုက စကားပြန်သည်။ သူ၏ စကားသံ မှာ တစ်စုံတစ်ခုကို နာကြည်းဟန် ရိပ်ရိပ်ပါနေ၏ ။

"ကျုပ်ဘယ်သူလဲဆိုတော့ ကျုပ်နာမည်က နွေည၊ ဝိညာဏလား၊ အဝိညာဏကလားဆိုတာ ကတော့ ခင်ဗျားကိုယ်တိုင် ဆုံးဖြတ်ကြည့်ပေါ့"

အရာဝတ္ထု၏ စကားသံအဆုံးတွင် လူရွယ်က စိတ်သက်သာရာရဟန်ဖြင့် သက်ပြင်းတစ်ချက် မှုတ်ထုတ်ရင်းမှ မေးခွန်းတစ်ခု ဆက်ထုတ်သည်။

"ခင်ဗျား ဒီမှာ ဘာလုပ်နေတာလဲ"

လူရွယ်၏ စကားသံအဆုံးတွင် နွေညဆိုသော အရာဝတ္ထုက ဘာကို သဘောကျသည် မသိ။ တဟားဟား အော်ရယ်သည်။ အတန်ကြာမှ သူက ရယ်ခြင်းကို ရပ်ပြီး စကားဆိုသည်။

"ကျုပ် ဒီမှာ လရောင်မျှားနေတာဗျ၊ ကျုပ်တင် မဟုတ်ဘူး၊ ဟိုဘက်မှာ အဖော်သွေးချင်း တွေပါ ပါတယ်"

"ဗျာ ဘာဖြစ်တယ်၊ လရောင်မျှားနေတာ ဟုတ်လား"

"ဟုတ်တယ်၊ လရောင်မျှားနေတာ၊ ကိုယ့်လူ နည်းနည်းနားရှုပ်သွားပြီ ထင်တယ်"

"နားရှုပ်ရုံတင်မကဘူး၊ နားကို မလည်တာ၊ ဘာဖြစ်လို့ ခင်ဗျားက လရောင်မျှားတာလဲ၊ လရောင်ကရော မျှားလို့ ရတဲ့အရာဟုတ်လို့လား"

"လာဗျာ၊ အေးအေးဆေးဆေး ထိုင်၊ ဒါကို ကျုပ်သေချာရှင်းပြမယ်။ ပြီးရင် ကိုယ့်လူဆီက တန်ဖိုးရှိတဲ့ စကားတွေလည်း ကြားရလိမ့်မယ်လို့ ကျုပ်မျှော်လင့်တယ်"

ပြောဆိုရင်းမှ အရာဝတ္ထုက သူ၏ အမိုးအကာကို ဖွင့်ပေးလိုက်သည်။ စဉ်းစားဟန်ဖြင့် ခဏဆိုင်းနေပြီးမှ လူရွယ်က နွေည၏ အမိုးအကာအောက်သို့ လှမ်းဝင်လိုက်လေသည်။

*****

သူ၏ အရိပ်ဝယ် လူငယ်ဝင်ရောက်ပြီးသည်နှင့် နွေညအမည်ခံ အရာဝတ္ထုက စကားစဆို သည်။ကိုယ်လူ သိမလား မသိဘူး၊ အရောင်အသွေးစုံလင်သလို သာယာတဲ့ တေးအလှနဲ့ မြူးကြွ လှုပနေတဲ့ ကျုပ်တို့ဟာ မျိုးနွယ်တူတွေထဲမှာ အလှဆုံးဆိုတာ သိသာတယ်။ ဒါကြောင့်လည်း စာဆိုတွေက ကျုပ်တို့အလှကို အမျိုးမျိုးဖွဲ့ကြတာ မဟုတ်လား၊ ကိုယ့်လူလည်း ဖတ်ဖူးမှာပါလေ"

လူရွှယ် ပါးစပ်အဟောင်းသား ဖြစ်သွား၏ ။ စိတ်ထဲ၀ယ် "ဒီသတ္တဝါ သိပ်တော့ မလွယ်ပါ လား" ဟု တွေးနေဟန်။ နွေညဆိုသော အရာ၀တ္ထုကတော့ မသိလိုက် မသိဘာသာဟန်ဖြင့် ဆက် ပြောသည်။

"ဒါပေမဲ့ ဒါက ဟိုတုန်းကဖြစ်ခဲ့တာ။ အခုကျုပ်တို့ မလှနိုင်တော့ဘူး။ ကိုယ့်လူသိမှာပေ့ါ။ ကျုပ်တို့ နွေညဆိုတာကလည်း မီးကို မျိုထားရတဲ့ ဘ၀ကိုး။ ဒီတော့ ဒီလိုအချိန်မှာ ကျုပ်တို့လှဖို့ ဆိုတာက လေညင်း လိုမယ်။ လရောင် လိုမယ်"

"အခု ခင်ဗျားတို့က အဲဒါတွေ မရလို့လား"

လူငယ်၏ စိတ်မရှည်ဟန် ဖြန့်မေးခြင်းကို နွေညက ပြုံးပြီး လက်ခံရင်း စကားဆိုသည်။

"ကိုယ့်လူက လောရန့်ကော၊ ဆုံးအောင် နားထောင်ပါဦးလေ။ ပြောခဲ့တဲ့အထဲမှာ လေညင်းကိုတော့ ကျုပ်တို့ရတယ်ဗျ။ အဲ..ဒါပေမဲ့ လရောင်ကိုတော့ ကျုပ်တို့မရတာ ကြာခဲ့ပြီ။ ပြောရမယ်ဆိုရင် ကျုပ်တို့ ကမ္ဘာမှာ ကကွယ်တာ ကြာခဲ့ပြီ"

နွေညအမည်ခံ အရာ၀တ္ထုက နောက်ဆုံး "လကွယ်တာ ကြာခဲ့ပြီ"ဆိုသော စကားကို ခံစားမှုအပြည့်နှင့် ဆို့ဆို့နင့်နင့် ဆိုသည်။ စိတ်၀င်စားဖွယ်ရာကို ကြားလိုက်ရသည့်အလား လူရွှယ်က ဘာစကားမှ၀င်မစွက်ဘဲ ငြိမ်နားထောင်နေ၏ ။

"ကိုယ်ချင်းစာတတ်မယ်ဆိုရင် ကိုယ့်လူလည်း ခံစားမိမှာပါ။ ကျုပ်တို့က လကွယ်ညမှာ မနေချင်ဘူး။ ကိုယ့်လူတို့ လှချင်သလို ကျုပ်တို့လည်း ကျုပ်တို့ကမ္ဘာကို လှစေချင်တယ်။ အထူးသ ဖြင့် ကျုပ်တို့ကမ္ဘာမှာ တိမ်ညိုတွေ မမှိုင်းစေချင်ဘူး။ တိမ်ဆိုးတိမ်ညစ်တွေ ကင်းစင်စေချင်တယ်။ ဒါ ကြောင့် ကျုပ်တို့ လရောင်မျှားနေကြတာ"

နွေညအမည်ခံ အရာ၀တ္ထု၏ စကားအဆုံးတွင် လူရွှယ်က

တွေးဆဟန်ဖြင့် ငြိမ်နေပြီးမှ မေး ခွန်းထုတ်သည်။

“နေပါဦး၊ ကျုပ်မရှင်းတာ မေးပါရစေဦး။ ခင်ဗျားက ကိုယ့်ဘာသာ နွေညလို့ ပြောတယ်။ ကျုပ်ကြည့်နေတာ။ သစ်ပင်တွေကလည်း ဝေလို့ စိမ်းလို့ပါလား။ နောက်ပြီး ဘယ်မှာလဲ နွေသရုပ်၊ ရွက်ဝါလည်း မရှိ၊ ဥသြသံလည်း မကြားရ၊ ပိတောက်၊ ငုဝါ ဘာဆိုဘာမှလည်း မတွေ့ပါလား။ ဆိတ်သုဉ်းခြင်း၊ ကြွေကျခြင်း၊ ပွင့်ဝေခြင်းဆိုတဲ့ ဖြစ်စဉ်တွေ တစ်ခုမှလည်း မရှိပါလား”

လူရွယ်၏ မေးခွန်းအဆုံးတွင် နွေညအမည်ခံအရာဝတ္ထုက ပြုံးသည်။ သိမ်သိမ်မွေ့မွေ့ ပြုံး သည်။ အတန်ကြာမှ သူက အေးအေးသက်သာသော လေသံဖြင့် ပြောသည်။

“ကိုယ့်လူကို လူငယ်လူရွယ်ဆိုပြီး ကျုပ်က အမြင်စူးရှလောက်မယ်ထင်နေတာ။ ကျုပ်အမြင်မှားသွားတယ်”

လူရွယ်က ရှုံးရှုံးရွဲရွဲ ဖြစ်သွားပြီး စကားတုံ့ပြန်သည်။

“ဘာဗျ၊ ခင်ဗျား ကျုပ်ကို စော်ကားနေတာလား”

နွေညကတော့ ပြုံးမြဲ ပြုံးလျက် ဆက်ပြောသည်။

“ကိုယ့်လူ သတိထားကြည့်စမ်းပါ။ ကျုပ်တို့ရဲ့ ဘဝလို့ တင်စားလိုက်တဲ့ မီးကို မှိုထားရတဲ့ ညကမ္ဘာမှာ၊ သစ္စာတရားတွေ ကြွေကျနေပြီ။ နောက် ကြည့်ဦး၊ လောဘတွေ ဒေါသတွေ မောဟ ပန်းတွေ အပြိုင်းအရိုင်း ပွင့်ဝေနေလိုက်တာ ရနံ့တသင်းသင်းနဲ့ပဲ။ ကိုယ့်လူ နားကောင်းလို့ ကြားတတ်မယ်ဆိုရင် ခုံမင်ဖွယ်ရာ ကောင်းတဲ့ အရိုင်းတို့ရဲ့ တေးသီသံတွေလည်း ကြားရပါလိမ့် မယ်။ ဒါဟာ ကိုယ့်လူပြောတဲ့ ဆိတ်သုဉ်းခြင်း၊ ကြွေကျခြင်း၊ ပွင့်ဝေခြင်းဆိုတဲ့ အစိတ်အပိုင်းတွေပဲ မဟုတ်လား”

စကားသံအဆုံးတွင် လူရွယ်ငြိမ်ကျသွားသည်။ အတန်ကြာသည်အထိ

ငြိမ်နေပြီးမှ စကား ပြန်ဆိုသည်။

"အင်း၊ ခင်ဗျားပြောမှ ကျုပ်ရဲ့ အသိဉာဏ်တွေ လင်းလာတယ်။ အဝိဇ္ဇာဖုံးလွှမ်းပြီး အမြွေး တက်နေတဲ့ ကျုပ်ဦးနှောက်ကို ဆေးကြောပေးတဲ့ ခင်ဗျားရဲ့ စကားတွေအတွက် ကျေးဇူးတင်ပါ တယ်။ ဒါနဲ့ လရောင်ကို ခင်ဗျား ဘာနဲ့ မှျားနေသလဲ"

လူရွယ်၏ စကားအဆုံးတွင် နွေညအမည်ခံအရာဝတ္ထု၏ အမူအရာ သိသိသာသာ ပျက်ယွင်းသွားသည်။ ပြီးမှ အထိတ်တလန့်ဟန်ဖြင့် စကားဆိုသည်။

"ကိုယ့်လူပြောတဲ့ အချက်က ကျုပ်အသိဉာဏ်ထဲကို ဆွဲမခေါ်လာရဲတဲ့ မေးခွန်း ဖြစ်နေတယ်။ ကျုပ်လရောင်ကို မှျားနေတာ ကြာပြီ။ မှျားတယ်ဆိုကတည်းက ကိုယ့်ဘက်မှာ သူတပ်မက်တဲ့ အရာတစ်ခု ရင်းရတော့မယ်။ အယောင်ပြရတော့မယ်။ ကျုပ် အတန်တန် စဉ်းစား တယ်။ ကျုပ်ရဲ့ချိတ်မှာ ဘာကို တပ်ထားလဲဆိုတာ။ ရေရာတိကျတဲ့ အဖြေမရှိခဲ့ဘူး။ကိုယ့်လူ ပြောကြည့်စမ်းပါ။ ကျုပ် လရောင်ကို ဘာနဲ့မှျားသင့်သလဲ"

လူရွယ်က စဉ်းစားဟန်ဖြင့် အတန်ကြာအောင် ငြိမ်ကျသွားသည်။ ပြီးမှ သူက ဆိုသည်။

"အင်း.. ဘာနဲ့ မှျားသင့်သလဲဆိုတာကိုတော့ ကျုပ်လည်း သေချာမသိဘူး။ ဒါပေမဲ့ ခင်ဗျား ကို ကျုပ်တစ်ခုတော့ သတိပေးချင်တယ်။ ခင်ဗျား မှျားတဲ့ ချိတ်မှာ ခင်ဗျားကိုယ်ခင်ဗျား ပြန်မတပ် မိပါစေနဲ့လို့"

လူရွယ်၏ စကားသံအဆုံးတွင် နွေညအမည်ခံအရာဝတ္ထုကြီး သိမ့်ခနဲ တစ်ချက်တုန်သွား သည်။ ထိုအချက်သည် သူ မထင်မှတ်ဘဲ ဖြစ်သွားနိုင်သည့် အချက်တစ်ခု ဖြစ်သလို သူ လက်မခံ ရဲသော အမှန်တရားလည်း ဖြစ်နိုင်သည်။ ငေးငိုင်ငေါင်စင်းနေရာမှ နွေညအမည်ခံအရာဝတ္ထုက ထစ်ငေါ့စွာ မေးခွန်းထုတ်သည်။

"...ဒါ...ဒါ..ဒါဆို..ကျုပ်..ကျုပ်..ဘာလုပ်သင့်သလဲ"

ယခုတစ်ခါတွင် လူရွယ်၏ ဟန်က အလွန်ပင်တည်ငြိမ်နေသည်။သူက ခေါင်းကို တဆတ် ဆတ် ညိတ်နေရင်းမှ ဆိုသည်။

"ဒီလိုရှိတယ်ဗျာ။ ခင်ဗျားကိုယ် ခင်ဗျား ချိတ်မှာ ပြန်တပ်မိသွားတဲ့ အဖြစ်မျိုးလည်းမဖြစ်ရ အောင် လရောင်ကိုလည်း မှားမိနိုင်အောင် အချက်သုံးချက်ကို ခင်ဗျားတို့ လိုက်နာဆောင်ရွက်ရ လိမ့်မယ်"

လူရွယ်က သူ့စကားကို နွေညအမည်ခံအရာဝတ္ထုကြီး စိတ်ဝင်စားမှု ရှိမရှိ တစ်ချက် အကဲ ခတ်သယောင် မျက်လုံးကို လှန်ကြည့်သည်။ ပြီးမှ သူက ဆက်ပြောသည်။

"နံပါတ်တစ်အချက်အနေနဲ့ ခင်ဗျားကိုယ်တိုင်က ရိုးသားဖို့ လိုမယ်"

"ဟုတ်ပြီ..ဆက်ပြောပါဦး"

"နံပါတ်နှစ်အချက်အနေနဲ့ ခင်ဗျားအပါအဝင် ခင်ဗျားရဲ့ ရင်သွေးဖော်တွေဟာလည်း မှန်ကန်တဲ့ လမ်းကြောင်းမှာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရှိနေရမယ်။ ဒါမှလည်း..ခင်ဗျားတို့ လရောင်ကို မှားလို့ မိတဲ့အခါမှာ အဲဒီ အလင်းနဲ့ အလှတရားကို သေချာပေါက်ထိန်းသိမ်းနိုင်မှာ။ ခင်ဗျားပြောပုံအရဆို ခင်ဗျားတို့ တစ်ချိန်က ဒါကို ပိုင်ဆိုင်ခဲ့ဖူးသားပဲ။ ဒါကို ပြန်ပြီး သင်ခန်းစာယူ ကြည့်ပေါ့"

နွေညအမည်ခံအရာဝတ္ထုက တွေးတောဟန် ငြိမ်နေပြီးမှ မေးခွန်းကို ဆက်ထုတ်သည်။

"အင်း..နောက်ဆုံးတစ်ချက်ကရော..ဘာလဲ"

နံပါတ်သုံးအနေနဲ့ ချိတ်မှာ သေချာတဲ့ အရာတစ်ခုခု ခင်ဗျားတပ်ကြည့်၊ အဲဒီ ဟာက ခင် ဗျားပြောသလို သူတပ်မက်တာလည်း ဖြစ်ရမယ်။ ခင်ဗျားကိုလည်း

မထိခိုက်အောင် ကာကွယ်နိုင်ရ မယ်

“ဟုတ်တယ်လေ၊ ကျုပ်မေးတာက အဲဒီ မျှားစာက ဘာလဲလို့”

“ခင်ဗျားချိတ်မှာ တပ်ရမယ့် မျှားစာဟာ ဘာလဲလို့တော့ ကျုပ်လည်း သေချာမပြောတတ် ဘူး၊ ဒါပေမဲ့ ကျုပ်အမြင်အရ ခင်ဗျားရဲ့ မျှားချိတ်မှာ အရာတစ်ခုလို့ တွေ့မိလိုက်တယ်။ဒါကို တပ်ပြီး မျှားရင် ခင်ဗျား လရောင်ကို မျှားလို့ မိနိုင်မယ်လို့ ကျုပ်တော့ ယူဆမိတယ်”

“ဒါဆိုတာက ဘာလဲ..”

လူရွယ်က တည်ငြိမ်စွာ တစ်လုံးချင်း ပြောသည်။

“ဒါဆိုတာက ..ပညာပဲ”

“ဘာရယ်..ပညာ..ဟုတ်လား”

“ဟုတ်တယ်။ ပညာပါပဲ။ ဒါပေမဲ့ ခင်ဗျားထင်သလို သိမှုတတ်မှုဆိုတဲ့ ပညာတွေတင် မဟုတ်ဘူး။ ပညာရဲ့ သဘောက နက်ရှိုင်းကျယ်ပြန့်တယ် ဒီ့ထက်အလွန်တရာကျယ်ပြောတယ်။ ကျယ်ပြောလို့ မျှားချိတ်မှာလည်း အတပ်အခက်နိုင်တယ်။ ဒါကိုတော့ ခင်ဗျားနည်း ခင်ဗျားဟန်နဲ့ ကြံဆပေါ့ဗျာ။ ခင်ဗျား ဒါကို ချိတ်မှာ တပ်ပြီး လရောင်ကို မျှားကြည့်သေချာပေါက်ရနိုင်မယ်လို့ အာမမခံနိုင်ပေမယ့် ရနိုင်ဖို့ရာ လမ်းတော့မျှားမယ်ထင်တယ်။ ခင်ဗျား ဘယ်လို သဘောရလဲ”

စကားသံအဆုံးတွင် နွေညအမည်ခံအရာဝတ္ထု ဝမ်းသာအားရဟန်နှင့် ပြောသည်။

“အား..ဟုတ်ပြီဗျို့။ ကိုယ့်လူပြောတာ သဘာဝ ကျတယ်။ တကယ်လို့သာ အဲဒီ လရောင်ကို သာ ဖမ်းမိနိုင်ရင် တိမ်ဆိုး တိမ်ညစ်တွေ ကင်းစင်သွားမယ်။ ဒါဆိုရင် ကျုပ်တို့ကမ္ဘာမြေမှာ ငြိမ်းချမ်းခြင်းတွေ စည်ပင်ဝေစည်လာလိမ့်မယ်။

ဒီလိုဆိုရင် ကျုပ်တို့ရဲ့ အပူကို မျိုသိပ်ထားရတဲ့ ကမ္ဘာဟာ သာယာအေးချမ်းပြီပေါ့၊ ဟုတ်ပြီဗျို့။ ကိုယ့်လူပြောတာ သဘာဝ ကျတယ်”

“ကဲ၊ ဒါဆိုရင် ခင်ဗျား လရောင်ကို ဆက်မျှားဗျာ၊ ကျွန်တော်တော့ ခရီးဆက်လိုက်ဦးမယ်”

“ကောင်းပါပြီဗျာ။ ကျုပ်ကြောင့် ကိုယ့်လူ အဝိဇ္ဇာအမြေးတက်နေတဲ့ အသိဉာဏ်တွေ လင်းလက်ခဲ့တယ်လို့ဆိုခဲ့သလို ကိုယ့်လူကြောင့်လည်း ကျုပ်တို့ ကမ္ဘာသာယာခြင်းရဲ့ အစကို ဆွဲ ကိုင်နိုင်လိမ့်မယ်လို့ ကျုပ်ယုံကြည်တယ်။ ဒီအတွက်လည်း ခင်ဗျားကို ကျေးဇူးတင်တယ်ဗျာ”

“ဟုတ်ပါပြီဗျာ၊ ဒါဆို ကျုပ်သွားတော့မယ်”

နွေညအမည်ခံအရာဝတ္ထုက သူ့အမိုးကို ဖွင့်ပေးလိုက်သည်နှင့် လူရွယ်က တိုးထွက်လာ သည်။ ပြီးနောက် လူရွယ်က ကောင်းကင်ကို တစ်ချက်မော့ကြည့်နေသည်။ သူအမိုးအောက် မဝင် ခင်က ချောင်းကြည့်နေသော ကြယ်စင်တချို့သည် ပေါ်ပေါ်တင်တင် ရုပ်လုံးပြလာတာကို တွေ့ရသည်။ တိမ်ညိုတို့နေရာတွင် မြူမင်းလွင်များက အစားထိုးပြီး ကင်းလှည့်နေသယောင်။ လှမ်းနေသော ခြေလှမ်းများ ဝါးတစ်ရိုက်ခန့်အရောက်တွင် သူ့နောက်ပါးမှ ရှင်လန်းစွာ ထွက်ပေါ် လာသော သီချင်းသံကို လူရွယ် ကြားလိုက်ရ၏ ။

“ရွှေ ငွေရတနာမိုး…
သွန်ဖြိုးရွာတော့မည်..ရွာလိမ့်မည်..ရွာလိမ့်မည်..ခုကောင်းစွာပ အရာ ရာညီ..ဆုတောင်းပံ ပတ္တနာချီ…ပတ္တနာညီ ပတ္တနာချီ..မမှိန်ပါသည် အရှိန်ဝါညီ..ကဣန္ဒာပြည်လို စည်ပင်လိမ့်ဦး..မည်”

*****

လွှမ်းနောင်